ခင်ကြီးကျေးရွာ

ကျောက်တံခါးမြို့နယ်

# ကျေးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းမှတ်တမ်း(၂၀၂၂-၂၀၂၆)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ

ခင်ကြီးကျေးရွာ၊ ကျောက်တံခါးမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၂ခုနှစ်၊ဇန်နဝါရီလ

မာတိကာ

**မာတိကာ**

**စကားချီး**

ခင်ကြီးကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ကျောက်တံခါးမြို့နယ်

ခင်ကြီးကျေးရွာရာသီခွင်ပြပြက္ခဒိန်

ခင်ကြီးကျေးရွာ Venn Diagram

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်**

**၁။ နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု**

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

( ခ ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက်အသုံးဝင်မှု

( ဂ ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

**၂။ ကျေးရွာ၏ တည်နေရာနှင့်ပထဝီဝင် အနေအထား**

**၃။ ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ**

**၄။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ**

**၅။ စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ**

(က) သီးနှံစိုက်ပျိုးရေး

(ခ) မွေးမြူရေး

(ဂ) ငါးမွေးမြူရေး

(ဃ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

၆။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

၇။ ပညာရေး

၈။ ကျန်းမာရေး

၉။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

၁၀။ ကျား-မရေးရာ

၁၁။ ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်၏ လုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ(၁) -ဖွံ့ဖြိုးရေးဗျူဟာဇယား

နောက်ဆက်တွဲ(၂) -ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်များစာရင်း

နောက်ဆက်တွဲ(၃) -ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဝယ်ယူရေးဆပ်ကော်မတီစာရင်း

၁၂။ ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား၂ လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား၃ လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား ၅ ခတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား၆ ဥစ္စာဓနအဆင့်အခြေအနေ

ဇယား၇ ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ

ဇယား၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှု အခြေအနေ

ဇယား၉ ကျေးရွာ၏ထိခိုက်သက်ရောက်မှု အခြေအနေ

ဇယား၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား၁၄ ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား၁၆ ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

ဇယား၁၇ သီးနှံအထွက်နှုန်းတိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား ၁၉ မွေးမြူရေးနှင့် ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား၂၀ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား၂၁ မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက်အခွင့်အလမ်းများ

ဇယား၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ငန်းများအတွက်ပြဿနာနှင့်အခက်အခဲများ

ဇယား၂၄ ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်လာပုံ၊ပုံစံနှင့်အချိန်ကာလ

ဇယား၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိကအကြောင်းရင်း

ဇယား၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား၂၇ ကုန်စည်နှင့်ဝန်ဆောင်မှု၊ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဇယား၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းမြစ်စီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

ဇယား ၃၀ မူလတန်း၊အလယ်တန်း၊အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတက်မြောက်နှုန်း

ဇယား၃၁ ကျောင်းတက်နှုန်း

ဇယား၃၂ စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား၃၃ ပညာရေးအခက်အခဲနှင့် ပြဿနာများ

ဇယား ၃၄ အဖြစ်များသောရောဂါများ

ဇယား ၃၅ လွန်ခဲ့သော(၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား ၃၆ ကျန်းမာရေးအထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု

ဇယား ၃၈ အိမ်သာအမျိုးအစား

ဇယား ၃၉ ကျား-မရေးရာ

ဇယား ၄၀ ကျေးရွာ၏လမ်းတည်ရှိမှုအခြေအနေ

ဇယား ၄၁ ကျေးရွာ၏တံတားတည်ရှိမှု အခြေအနေ

ဇယား ၄၂ ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ

ဇယား ၄၅ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ

ဇယား ၄၆ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ

ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ဝန်ဆောင်မှုအထောက်အကူများအား လက်လှမ်းမီမှု

ဇယား ၄၈ မှုခင်းဖြစ်ပွားမှုအခြေအနေ

## စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်မှ ၂၀၂၅-၂၀၂၆ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများ ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက် ရေးအတွက်လိုအပ်သော နည်းပညာများပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီး ဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီး သောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာ အုပ်ချုပ် ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကို လည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများစုစနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံး လုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ် ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့(၁)ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှစီစဉ် ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီ အစဉ်ရေးဆွဲ ရာတွင် ကိန်းဂဏန်းနှင့်သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ ပါသည်။ထို့အပြင်ထပ်မံလိုအပ်သောကိန်းဂဏန်း အချက်အလက်များနှင့်နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကိုထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့် ပေးခြင်းဖြင့်ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီးလုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင်လုပ်ငန်းတိုးတက်မှုပေါ်ပေါက် လာသည့်အခက်အခဲများနှင့်ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများစုစည်းဆောင်ရွက်နိုင်ရန် အတွက် ကျေးရွာအုပ်ချုပ်ရေးမှူး ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက် ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်းကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့်အကဲဖြတ်ရန်အတွက် ပံ့ပိုး ကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်း အစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာ ရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည်စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ခင်ကြီးကျေးရွာ

ကျောက်တံခါးမြို့နယ်

၂၀၂၂ခုနှစ်၊ဇန်နဝါရီလ

## ခင်ကြီး ကျေးရွာ၊ ခင်ကြီး ဂုပ်းစုကျေးရွာအုပ်စု၊ ပဲနွယ်ကုန်းမြို့၊ ကျောက်တံခါးမြို့နယ်။

## ခင်ကြီး ကျေးရွာ၏ သယံဇာတပြမြေပုံ ။



ရက်စွဲ - 28.12.2021

ရေးဆွဲသူ - အောင်ခိုင်ဦး

ခင်ကြီးဝံပြကျေးရွာ၊ ခင်ကြီးဇမ်းရွာ ကျေးရွာအုပ်စု ရာသီဥတုပြက္ခဒိန်

| အဖြစ်အပျက်များ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီဥတု |  | | | | | | | | | | | |
| အလုပ်အကိုင် | မြေပြင်ဆင် |  | စပါးမျိုးကြဲ | | | | | | | | | |
| မိသားစုဝင်ငွေရရှိမှု | သင့် | နည်း | သင့် | သင့် | နည်း | နည်း | များ | များ | နည်း | နည်း | များ | များ |
| အသုံးစရိတ် | နည်း | သင့် | များ | များ | များ | နည်း | များ | များ | နည်း | နည်း | များ | များ |
| ချေးငွေလိုအပ်မှု | နည်း | သင့် | များ | များ | များ | နည်း | များ | များ | နည်း | နည်း | များ | များ |
| ဝမ်းစာဖူလုံမှု |  | | | | | | | | | | | |
| သောက်သုံးရေရရှိမှု | နည်း | နည်း | သင့် | များ | များ | များ | များ | များ | များ | သင့် | နည်း | နည်း |
| ကျန်းမာရေးအခြေအနေ | - | - | တုပ်ကွေး | တုပ်ကွေး | တုပ်ကွေး | တုပ်ကွေး | တုပ်ကွေး | - | - | - | - | - |
| သဘာဝဘေးအန္တရာယ် | - | လေဘေး | လေဘေး | - | - | - | မှုက်မိုး | - | - | - | - | - |
| ရာသီပွဲတော် | သင်္ကြန် | ညောင်ရေသွန်း | - | သင်္ကန်းကပ်လှူ | - | - | မီးထွန်း | ကထိန် | - | - | - | ရဟန်းခံ ရှင်ပြု |
| တိရစ္ဆာန်အစာရရှိမှု | နည်း | နည်း | နည်း | သင့် | သင့် | သင့် | များ | များ | နည်း | နည်း | သင့် | သင့် |
| တိရစ္ဆာန်ရောဂါ ကျရောက်မှု | ကြက်နာ | - | - | - | - | ကြက်နာ | ဝက်နာ | ဝက်နာ | - | - | - | ကြက်နာ |
| သီးနှံပိုးမွှားရောဂါ ကျရောက်မှု | - | - | - | - | နှံစုပ်ပိုး | နှံစုပ်ပိုး | - | - | မှိုရောဂါ | ပဲပိုးကျ | ပဲပိုးကျ | - |

ကျေးရွာ ၏ ရွာတွင်း ရွာပြင် ဆက်ဆံပြ အဖွဲ့အစည်းပုံစံ

ခင်ကြီး ဝိပြကျေးရွာ၊ ခင်ကြီး ဥမိစ္စကျေးရွာအုပ်စု၊ ကျောက်တံခါး

| ရွာတွင်း အဖွဲ့အစည်း | ရွာပြင် အဖွဲ့အစည်း |
|---|---|
| ၁ ဒု-ဘု အသင်း (သာရေး၊ နာရေး) | ၁ လယ်ယာ၊ ဖွံ့ဖြိုးရေးဘဏ် |
| ၂ ဂေါပကအဖွဲ့ | ၂ သမဝါယမ ဘဏ် |
| ၃ ရပ်မိရပ်ဖ | ၃ ဒွန်း |
| ၄ အုပ်ချုပ်ရေးအဖွဲ့ | ၄ မဟာ |
| ၅ လျှပ်စစ်မီးလင်းရေး ကော်မတီ | ၅ အောင်လီတာ |
| ၆ မိဘဆရာ အသင်း | ၆ BG |
| ၇ ကျေးရွာ လမ်း ကော်မတီ | ၇ ဟောမာန် |
| ၈ ပရဟိတ အသင်း | |



# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

## ၁ နိဒါန်း

### (က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းသည်အစိုးရဌာနများ၊ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကို နိုင်ငံတော်၏ အကူအညီဖြင့်ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ရေးဆွဲခဲ့ပါသည်။ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှလိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန်လိုအပ်သောကိန်းဂဏန်း၊သတင်းအချက်အလက်များရယူရန်နှင့်ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန် လိုအပ်သောနည်းပညာများ ရရှိရန်အရေးကြီးကြောင်းကိုပါသတိပြုမိပါ သည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ကြုံတွေ့နေရသောပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊စီမံချက်များကိုရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန်လိုအပ်သော အရာများနှင့်ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖတ်များဖြစ်သောအစိုးရဌာနများ၊အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

## (ခ)နိုင်ငံတော်အစိုးရအဖွဲ့များအတွက်အသုံးဝင်မှု

ကျွန်ုပ်၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထုလိုလားချက်နှင့်၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ(CSOs)နှင့်အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့်ကျေးလက်လူထု၏တိကျသော အချက်အလက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင် မည်ဖြစ်ပါသည်။

မီဒီယာများ ၊ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်ပေးသည့်အဖွဲ့အစည်းများအနေဖြင့်ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့်ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့်အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုပိုမိုကောင်းစေပြီး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းများကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလုပ်နိုင်ပါ မည်။

## (ဂ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တက်နိုင်သောငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရရှိနိုင်မည့်အကူအညီများကို အခြေခံကာဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်း

ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကိုလူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်း အား ဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာ တွင်ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်း နိုင်မည့် စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့်အစီအစဉ် မျိုးကိုဖြစ်ပါသည်။

## ၂။ တည်နေရာ နှင့်ပထဝီအနေအထား

ခင်ကြီးကျေးရွာသည် ပဲခူးတိုင်းဒေသကြီးအရှေ့ခြမ်းကျောက်တံခါးမြို့နယ်၊ပဲနွယ်ကုန်မြို့၊ ခင်ကြီးရှမ်းစုကျေးရွာအုပ်စုတွင် ပါဝင်သောကျေးရွာဖြစ်ပါသည်။ရန်ကုန်-မန္တလေးကားလမ်း ဟောင်းနှင့်ကပ်လျှက်တည်ရှိသောကြောင့် ဆက်သွယ်သွားလာရေးအဆင်ပြေပါသည်။မြေပြန့်လွင်ပြင်တွင် တည်ရှိပြီး အဓိကအသက်မွေးဝမ်းကျောင်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများ၊ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းများ၊စက်ချုပ်၊အလှပြင်ဈေးရောင်းလုပ်ငန်းများလုပ်ကိုင်ကြပါသည်။ဒေသ၏တစ်နှစ်ပျမ်းမျှမိုးရေချိန်လက်မမှာ (၁၀၀)လက်မဝန်းကျင်တွင်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းအတွက် အသင့်တင့်လုံလောက်ပါသည်။ကုန်းတွင်းပိုင်းတွင်တည်ရှိသောကြောင့် ဆားငံရေဝင်ရောက်မှုမရှိပါ။တောတောင်မြစ်ချောင်းများလည်းမရှိပါ။၊ကျေးရွာအတွင်းတွင် မြေနိမ့်သောအိမ်ခြံများမှာ မိုးများသောနှစ်တွင် ရေအနည်းငယ်တက်လေ့ရှိပြီး ရေလွှမ်းမိုးခြင်းဒဏ်ခံစားရခြင်းမရှိပါ။

## ၃။ ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

ကျေးရွာတွင် လယ်မြေအသင့်တင့်ရှိပြီး မြေဆီလွှာမှာအအသင့်တင့်ကောင်းမွန်ပါသည်။ စိုက်ပျိုးမြေကေ(၈၁၃)ကေရှိပြီး မိုးရာသီတွင်စပါးနှင့်ဆောင်းရာသီတွင် ပဲအမျိုးမျိုးစိုက်ပျိုးကြပါသည်။အဓိကနှစ်သီးစားသာစိုက်ပျိုးကြပါသည်။ကျေးရွာတွင်အခြားသောသဘာဝအရင်းအမြစ်များမရှိပါ။

## ၄။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ခင်ကြီးကျေးရွာတွင် လက်ရှိလူမှုရေးဆိုင်ရာအဖွဲ့အစည်း(၈)ဖွဲ့ရှိပြီး သက်ဆိုင်ရာမှဖွဲ့စည်းသော အမျိုးသမီးရေးရာအဖွဲ့အစည်းများမရှိပါ။အဓိကရွာ၏ ပရဟိတအသင်းမှာ ဒု/သုအသင်းဖြစ်ပြီး သာရေးနာရေးကိစ္စများတွင် ဦးဆောင်၍ ဆောင်ရွက်လျှက်ရှိပါသည်။ အမျိုးသမီးများမှာ ဒုသုအသင်းတွင် ပါဝင်ကာ ကြိုးပမ်းဆောင်ရွက်လျှက်ရှိပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လည်း တက်ကြွစွာပါဝင်ဆောင်ရွက်ကြပါသည်။တစ်ဖွဲ့နှင့်တစ်ဖွဲ့ ချိတ်ဆက်မှုအားကောင်းပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ကြပါသည်။

## ၄။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

### (က) သီးနှံစိုက်ပျိုးရေး

ခင်ကြီးကျေးရွာ၏ အဓိကဝင်ငွေရလုပ်ငန်းများမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး ဝင်ငွေအနေအထားမှာ သာမာန်သာရှိပါသည်။ဥစ္စခနအဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး

၏(၂၀)ရာခိုင်နှုန်းမှာ(A)အဆင့်၊ အိမ်ထောင်စုအားလုံး၏(၂၃)ရာခိုင်နှုန်းမှာ(B)အဆင့်၊ အိမ်ထောင်စုအားလုံး၏(၃၃)ရာခိုင်နှုန်းမှာ်(C)အဆင့် ၊အိမ်ထောင်စုအားလုံး၏(၂၃)ရာခိုင်နှုန်းမှာ (D) အဆင့်ဖြင့် အဆင်းရဲဆုံးအိမ်ထောင်စုဟု သတ်မှတ်ထားပါသည်။

ကျေးရွာတွင် စပါးနှင့်ပဲအမျိုးမျိုးအားအဓိကစိုက်ပျိုးပြီး ကေ(၈၁၃)ခန့်ရှိပါသည်။ တစ်ကေ၏ပျမ်းမျှအထွက်နှုန်းမှာစပါး(၆၅)တင်း၊ပဲတီရွှေဝါ(၁၀)တင်းခန့်ရှိပါသည်။ တောင်သူလယ်သမားကြီးများတွင် ထွန်စက်(၈)စီး၊ရိတ်သိမ်းခြွေလှေ့စက်(၅)စီး၊လက်တွန်းထွန်စက်(၂၉)စီးရှိသော်လည်း အများစုမှာ ၄ွားရမ်းအသုံးပြုကြပါသည်။သီးနှံသွင်းအားစုမှာ မြင့်မားပြီးအမြတ်အစွန်းထင်သလောက်မရရှိပါ။သွင်းအားစုများမှာ ဓါတ်မြေသြဇာ၊ပေါင်းသတ်ဆေး၊အပင်အားဆေးများဈေးနှုန်းကြီးမြင့်လာပြီး ကုန်ကျစရိတ်များလာလျှက်ရှိပါသည်။

## (ခ) မွေးမြူရေး

ခင်ကြီးကျေးရွာတွင် တစ်ပိုင်တစ်နိုင်မွေးမြူခြင်းများသာရှိပါသည်။ စီးပွားဖြစ်မွေးမြူကြရာမှ ရာသီအလိုက်ကျရောက်သောတိရစ္ဆာန်ရောဂါများအသေကျေပျက်စီးကာ တစ်ပိုင်တစ်နိုင်အဆင့်သို့သာမွေးမြူကြပါသည်။မြို့နယ်မွေးကုဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုအားနည်း နေသည့်အတွက်နည်းပညာအကူအညီများလိုအပ်လျှက်ရှိပါသည်။ နည်းပညာနှင့်ကုသရေးဆိုင်ရာအကူအညီများရရှိပါကလုပ်ငန်းတိုးချဲ့နိုင်သည့်အပြင်ဆက်လက်လုပ်ကိုင်ရန်စိတ်ဝင်စားသူများရှိကြောင်းတွေ့ရှိရပါသည်။

ကျေးရွာတွင် တစ်ပိုင်တစ်နိုင်မွေးမြူကြရာတွင် နွား(၄၈)ကောင်၊ ဝက်(၆)ကောင်၊ ကြက် (၉၉၉) ကောင်၊ဘဲ(၅၄)ကောင်မွေးမြူထားကြပါသည်။

## (ဂ) ငါးမွေးမြူရေး

ကျေးရွာတွင် ငါးကန်အဟောင်းတခုရှိသော်လည်း ငါးမွေးမြူခြင်းလုပ်ငန်းအား ဆက်လက်လုပ်ကိုင်ခြင်းမရှိတော့ပါ။ငါးမွေးမြူခြင်းကိုစိတ်ဝင်စားမှုမရှိခြင်း၊မြေယာအခက်အခဲရှိခြင်းတို့ကြောင့်မွေးမြူခြင်းမရှိပါ။

## (ဃ) စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

ခင်ကြီးကျေးရွာတွင် ဆန်စက်လုပ်ငန်းလုပ်ကိုင်သူ(၄)ဦးရှိပြီး (၂)ဦးမှာ လည်ပတ်ကြိတ်ခွဲခြင်းမရှိတော့ဘဲ(၂)ဦးမှာသာဆက်လက်လည်ပတ်ကြိတ်ခွဲလျှက်ရှိပါသည်။အကြောင်းမှာစက်၏အရည်အသွေးအဆင့်မမှီတော့၍ဖြစ်ပါသည်။ ဆန်စက်လည်ပတ်ခြင်းတို့ကြောင့်ကျပန်းလုပ်သားများအတွက် ဝင်ငွေရရှိပါသည်။ဝင်ငွေအတိုင်းအတာမှာ တစ်နေ့လုပ်အားခ (၇၀၀၀)ကျပ်မှ(၁၀၀၀၀)ကျပ်အထိရရှိပါသည်။ကျေးရွာတွင် ကတ္တရာခင်းခြင်းလုပ်ငန်း ကျွမ်း

ကျင်အလုပ်သမားခေါင်းဆောင်(၃)ဦးရှိရာၥင်းတို့အားမှီခိုနေရသောဆင်းရဲသားအိမ်ထောင်စုများမှာဝင်ငွေအသင့်တင့်ရရှိကြပါသည်။ကျေးရွာအတွင်းပန်းရံလုပ်ကိုင်သူ(၈)ဦး၊ လက်သမားအဖြစ်လုပ်ကိုင်သူ(၈)ဦး၊ပွဲရုံလုပ်ငန်းလုပ်ကိုင်သူ(၄)ဦးရှိ ကြပါသည်။တောင်သူ လယ်သမားများအတွက် သွင်းအားစုများဖြစ်သော ဓါတ်မြေသြဇာ၊အပင်အားတိုးဆေး၊ ပေါင်း သတ်ဆေး၊ ပိုးသတ်ဆေးများရောင်းချပေးနေသောဈေးဆိုင်(၂)ဆိုင်၊စက်ချုပ်ခြင်း၊အလှပြင်ဆိုင်၊ ဆန်ဆိုင်၊ ကုန်မျိုးစုံဆိုင်များဖွင့်လှစ်ရောင်းချနေခြင်းကြောင့်လည်း ဝင်ငွေရရှိပါသည်။ ကိုယ်ပိုင်ကား (၁၉)စီးရှိခြင်းကြောင့်သွားရေးလာရေး၊ကျမ်းမာရေး၌ အခက်အခဲမရှိပါ။ ယာဉ်မောင်းလိုင်စင်ရှိသော ယာဉ်မောင်းများမှလည်း ယာဉ်အငှားမောင်းခြင်းဖြင့်လည်း ဝင်ငွေရရှိကြပါသည်။ အချို့သောအိမ်ထောင်စုများမှာ ရာသီအလိုက်နေ့စားလုပ်ခြင်းဖြင့် မိမိ အိမ်ထောင်စုအစဉ်ပြေစေရေးအတွက် ဝင်ငွေရရှိအောင်လုပ်ကိုင်လျှက်ရှိပါသည်။

## (င) ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု

ကျေးရွာမှ တောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှထုတ်ချေးသော ချေးငွေကိုတစ်လအတိုးနှုန်း(၇၀)ပြားဖြင့်တစ်ဧကလျှင်(၁)သိန်းခွဲကျပ်နှုန်း၊အများဆုံး(၁၀)ဧကအတွက်ချေးယူနိုင်ပါသည်။ဆောင်းရာသီတွင် စိုက်ပျိုးစရိတ်ကို (၁)ဧကလျှင်(၁)သိန်းနှုန်းဖြင့်ထုတ်ချေးပေးပါသည်။ကျေးရွာအတွင်း အဖွဲ့အစည်းများဖွဲ့စည်း၍ညောင်လေးပင်မြို့နယ်ရှိ အေစီလီတာနှင့်ဟေမာန်စသည့် အသေးစားပုဂ္ဂလိကအဖွဲ့အစည်းများမှလည်း ထုတ်ချေးကြပြီးတစ်ဦးလျှင်ကျပ်(၈)သိန်းအထိထုတ်ချေးပေးပြီး အတိုးနှုန်း(၂) ကျပ်ခွဲဖြင့်ပြန်လည်ပေးဆပ်ရပါသည်။အဆင်မပြေသောတောင်သူများနှင့် ကျပန်းလုပ်သားများ သည် ချေးငွေကိုဝိုင်းကြီးချုပ်စနစ်ဖြင့်ချေးယူကြပါသည်။ဝိုင်းကြီးချုပ်မှာ တစ်ဖွဲ့လျှင်(၅)ဦး ဖြစ်ဖွဲ့စည်းထားပြီး တစ်ဦးထွက်ပြေးလျှင် ကျန်ရှိသောအသင်းသားများမှ ပေးဆပ်ပေးရပါသည်။ LOCဘဏ်၊ ဘဒတ်ဘဏ်တို့မှာ တစ်ဦးလျှင်ကျပ်(၅)သိန်းမှ(၈)သိန်းအထိ ထုတ်ချေး ပြီး(၂)ကျပ်တိုးအတိုးနှုန်းဖြင့်(၁၄)ရက်တစ်ကြိမ် အတိုးအရင်းပြန်လည်ပေးသွင်းရပါသည်။ပုံမှန်ငွေမရှိသူများမှာ ၎င်းအဖွဲ့အစည်းများမှ ငွေထုတ်ယူပြီးဒုက္ခရောက်နေကြပါသည်။ ကျေးရွာသူ/သား များစီးပွားရေးအဆင်ပြေစေရန် နှစ်ရှည်ချေးငွေများလိုအပ်လျှက်ရှိပါသည်။ ကျေးရွာတွင် သမဝါယမ အသင်းသား(၂၈)ဦးရှိပြီး အသင်းသားနှင့်တောင်သူများကိုသာ ထုတ်ချေးပေးပါသည်။အတိုးနှုန်း (၂.၅)ဖြင့်(၆)လတစ်ကြိမ်အတိုးအရင်းပြန်လည်ပေးဆပ်ရပါသည်။

## ၆။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

၁၉၉၉-၂၀၀၀ခုဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်အစိုးရမှ ပညာရေးအတွက်(၁၂၀×၃၀)စတုရန်းပေရှိစာသင်ကျောင်းတစ်ဆောင်တည်ဆောက်ပေးခဲ့ပြီး ယခုအချိန်အထိ မျက်နှာကျက် အကာများ တပ်ဆင်ထားခြင်းမရှိသေးပါ။ဆက်လက်တင်ပြထားပြီးဖြစ်ပါသည်။၁၉၉၅ခုနှစ်တွင်ကိုယ်ထူကိုယ်ထ

လျှပ်စစ်မီးသွယ်တန်းခဲ့ပြီးကျေးရွာတွင်းလမ်းအားကိုယ်ထူကိုယ်ထကျောက်ခင်းလမ်းအား အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။၂၀၂၁-၂၀၂၂ခုဘဏ္ဍာရေးနှစ်တွင် ကျေးရွာ တွင်း လမ်းမကြီးအား ကွန်ကရစ်လမ်းခင်းရန် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနရန်ပုံငွေနှင့် ကျေးရွာ ပြည်သူထည့်ဝင်ငွေများဖြင့်ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ခင်ကြီးကျေးရွာတွင် ရန်ကုန်-မန္တလေးကားလမ်းဟောင်းဘေးတွင်တည်ရှိသောကြောင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး ကုန်းလမ်းခရီးကိုသာအသုံးပြုကြပါသည်။ကျေးရွာတွင် သယ်ယူပို့ဆောင်ရေးအနေဖြင့် ကား၊ဆိုင်ကယ်၊ဆိုင်ကယ်ဘေးတွဲ၊ထော်လာဂျီ၊ထရပ်ကားတို့ဖြင့် အသုံးပြုလျှက်ရှိပါသည်။

၁၉၉၅ခုနှစ်တွင်ကိုယ်ထူကိုယ်ထလျှပ်စစ်မီးသွယ်တန်းပြီးမီးလင်းရေးရရှိအောင်ဆောင်ရွက်ခဲ့ပါသည်။(၉၀)ရာခိုင်နှုန်းခန့်မီးလင်းစေခဲ့ပြီး ဆင်းရဲသောအိမ်ထောင်စုများမှာ ငွေကြေးမတက်နိုင်ခြင်း၊ မီးတိုင်နှင့်အကွာအဝေးများရွေ့လျားခြင်းတို့ကြောင့်လျှပ်စစ်မီးရရှိရန်အခက်အခဲဖြစ်နေလျှက်ရှိနေပါသည်။ကျေးရွာတွင် Mtelတာဝါတိုင်ရှိပြီး မိုဘိုင်းဖုန်းဆက်သွယ်ရေး၊ဈေးကွက်နှင့်ဝန်ဆောင်မှုများအတွက် လက်လှမ်းမီအသုံးပြုနိုင်ကြပါသည်။အင်တာနက်အသုံးပြုမှုအားကောင်းပြီး အခြားသတင်းအချက်အလက်များချိတ်ဆက်အသုံးပြုကြပါသည်။

ကျေးရွာတွင် စာကြည့်တိုက်မရှိပါ။ဗဟုသုတနှင့်သတင်းအချက်အလက်များအား အင်တာနက် ဖုန်းလိုင်းများကိုသာမှီခိုအားထားအသုံးပြုကြပါသည်။

## ၇။ **ပညာရေး**

ခင်ကြီးကျေးရွာ၏ စာသင်ကျောင်း၌ လေ့လာတွေ့ရှိချက်အရ စာသင်ကျောင်းဆောင်အား ၁၉၉၉ခုနှစ်တွင် နိုင်ငံတော်အစိုးရမှ(၁၂၀×၃၀)စတုရန်းပေဖြင့်စတင်ဆောက်လုပ်ပေးခဲ့ပြီး စာသင်ကျောင်းဆောင်(၂)အား ၂၀၁၉-၂၀၂၀ခုနှစ်တွင်(၉၀×၃၀)စတုရန်းပေအား ပညာရေးဝန်ကြီးဌာနမှ ဆောက်လုပ်ပေးခဲ့ပါသည်။အဆောင်(၃)အား ကျေးရွာမိဘဆရာအသင်းဦးဆောင်၍(၉၀×၃၀) စတုရန်းပေအား ဆောက်လုပ်လှူဒါန်းခဲ့ပါသည်။ကျောင်းအိမ်သာများအား အသင့်တင့်ကောင်းမွန်ပြီး သန့်ရှင်းပါသည်။၁၉၁၆ခုနှစ်တွင် အထွေထွေလုပ်သားဝန်ထမ်းကွယ်လွန်ပြီးချိန်မှစ၍ ယခုအချိန်အထိ အထွေထွေလုပ်သားမရှိသေးပါ။စာသင်ကျောင်းတွင် အထွေထွေလုပ်သားဝန်ထမ်း တစ်ဦး လုပ်အပ်လျှက်ရှိပါသည်။

ခင်ကြီးရှမ်းစုကျေးရွာတွင် အလယ်တန်းကျောင်း(ခွဲ)ရှိပြီး ဆရာတပြည့်အချိုးမှာ(၄၀)အောက်ရှိပြီး လက်ရှိတွင် ပညာသင်ကြားနေသော မူလတန်းအရေအတွက်မှာစုစုပေါင်း(၁၃၅)ယောက်နှင့် အလယ်တန်းကျောင်းအရေအတွက်မှာ စုစုပေါင်း(၁၁၅)ယောက်နှင့်မူလယ်အရေအတွက်မှာ စုစုပေါင်း(၂၅၀)ဦးတက်ရောက်ကြပါသည်။ကျေးရွာတွင်မသန်စွမ်းသူဦးရေကျား(၂)ဦး၊မ(၅)ဦးစုစုပေါင်း

(၇)ဦးအပါအဝင်စာမတတ်သူဦးရေကျား(၂)ဦး၊မ(၃၁)ဦးစုစုပေါင်း(၃၃)ဦးရှိပြီး ၎င်းတို့အတွက် အထူး အစီအစဉ်ပြုလုပ်ပေးရန်လိုအပ်နေပါသည်။မသန်စွမ်းလူငယ်များအတွက် ပညာရေးအထူးအစီအစဉ် မရှိပါ။ကျောင်းသုံးစာအုပ်များလုံလောက်မှုရှိပြီးအားကစားပစ္စည်းများအသင့်တင့်ရှိပါသည်။ ကျောင်း တွင် သောက်သုံးရေဖူလုံပြီး မိဘဆရာအသင်းမှ ကျောင်းဆောက်လုပ်လှူဒါန်းခြင်းနှင့် အာဟာရ ကျွေးမွေးခြင်းတို့ကိုအခါအားလျော်စွာပြုလုပ်ပေးလျှက်ရှိပါသည်။ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေး နှင့်လုံခြုံရေးများကိုလည်း ကျေးရွာအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့်ချိတ်ဆက် ဆောင်ရွက်နေသည် ကိုတွေ့ရှိရပါသည်။

## ၈။ **ကျန်းမာရေး**

ခင်ကြီးကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲဆေးပေးခန်းရှိပါသည်။ရန်ကုန်-မန္တလေး ကားလမ်းဟောင်းဘေးတွင်တည်ဆောက်ထားပါသည်။ကျေးလက်ဆေးပေးခန်းမှာ ကျေးရွာ၏ အနောက်ဘက်တွင်ထိပ်တွင်တည်ရှိသောကြောင့် အခြေခံကျန်းမာရေးကိုရရှိပါသည်။အနီးဆုံးမှာ ပဲနွယ်ကုန်းတိုက်နယ်ဆေးရုံရှိပြီး(၁)မိုင်ခွဲခန့်တွင်တည်ရှိပါသည်။ကျောက်တံခါးမြို့နယ်ဆေးရုံမှာ(၁) မိုင်နှင့်(၅)မိုင်ကြားတွင်ရှိသောကြောင့် ကျန်းမာရေးအခက်အခဲအတွက်လွန်စွာအဆင်ပြေပါသည်။ သို့ရာတွင် ကျန်းမာရေးဆရာမမှာ တာဝန်မှနုတ်ထွက်ထားခြင်းကြောင့် ကျေးရွာအုပ်စု အတွင်း ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးငယ်များအတွက် ကျန်းမာရေးအခက်ခဲရှိနိုင်ပါ၍ ကျန်းမာရေး ဆရာမတစ်ဦးအမြန်ဆုံးလိုအပ်လျှက်ရှိပါသည်။

သောက်သုံးရေအတွက် တစ်ရွာလုံးနီးပါးစက်တပ်ဆင်၍ သုံးစွဲကြပါသည်။တစ်နှစ်ပတ်လုံး ရေလုံလောက်စွာရရှိပြီးရေကြောင့်ရောဂါကျရောက်ခြင်းမရှိပါ။ယင်လုံအိမ်သာသုံးစွဲမှုမှာလည်း(၉၉) ရာခိုင်နှုန်းရှိပြီး ကာလဝမ်းရောဂါကင်းဝေးပါသည်။အဆင်ပြေသူအိမ်ထောင်စုများမှာ ရေဆွဲအိမ်သာ ဆောက်လုပ်ထားကြပါသည်။အိမ်သာနှင့်ပတ်သက်၍ ရောဂါများဖြစ်ပွားခြင်းမတွေ့ရှိရပါ။

## ၉။ **ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ခင်ကြီးကျေးရွာသည် ကုန်းတွင်းပိုင်းမြေပြန့်တွင်တည်ရှိသောကြောင့် ဆားငံရေဝင်ရောက် ခြင်းမရှိပါ။ရေကြီးရေလျှံခြင်းမရှိပါ။မုန်တိုင်းဘေး၊လျှပ်စီးဘေးလည်းကင်းဝေးပါသည်။ မိုးအဆက် မပြတ်ရွာသွန်းမှသာ မြေနိမ့်သောလမ်းနှင့်အိမ်ခြံများတွင် ရေအနည်းငယ်တက်ပါသည်။ တောင်သူ များအတွက် မိုးရေရရှိမှုလုံလောက်မှုရှိသော်လည်း စပါးစိုက်ခင်းများ၊ပဲစိုက်ခင်းများတွင် ရန်ဖန်ရန်ခါ ဖျက်ပိုးများကျရောက်သဖြင့် ဓါတုပိုးသတ်ေဆေးများအသုံးပြုမှုများသောကြောင့် မြေဆီလွှာ အရည်အသွေးမှာ ကျဆင်းလာနိုင်ပါသည်။

စွန့်ပစ်ပစ္စည်းများဖြစ်သော ပလပ်စတစ်အိတ်ခွံ၊ဗူးခွံ၊ပုလင်းများဖြစ်သလိုစွန့်ပစ်နေကြ၍ သဘာဝပတ်ဝန်းကျင်ထိခိုက်နိုင်ပါသည်။စနစ်တကျစွန့်ပစ်နိုင်ရေးအား အသိပညာပေးလုပ်ငန်းအား လုပ်ကိုင်ပေးရန်လိုအပ်လျက်ရှိပါသည်။

၁၀။ **ကျား-မရေးရာ**

ကျေးရွာတွင် ကျား/မဆိုင်ရာဆက်နွယ်မှုအနေအထားမှာ တည်ငြိမ်ကောင်းမွန်ပါသည်။ မိသားစုအတွင်းကျားမတို့၏အခန်းကဏ္ဍအသီးသီးကိုရပ်ရွာသတ်မှတ်ထားသည့်အတိုင်းကျင့်သုံးကြပါသည်။ကျားနှင့်မအကြားခွဲခြားဆက်ဆံခြင်းများမတွေ့ရှိရပါ။အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့်အခြားနယ်ပယ်များတွင် တူညီစွာရရှိနေဟုယေဘုယျပြောနိုင်သော်လည်း ပညာရေးနှင့်အခြားနယ်ပယ်များတွင်အခွင့်ရေးတူညီစွာရရှိနေပါသည်။ဥပမာ-ပညာသင်ကျောင်းသား ကျောင်းသူအရေအတွက်ကိုကြည့်ခြင်းအားဖြင့် ကွာခြားမှုမရှိသည့်အတွက် တူညီနိုင်သည်ဟု ဆိုနိုင်ပါသည်။ သို့သော်လည်း လုပ်အားခရရှိမှုမှာ အမျိုးသားများမှအမျိုးသမီးများအတွက် ပိုမို၍ ရရှိကြပါသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင် အမျိုးသမီးများပါဝင်မှုအားနည်းသော်လည်း ဘာသာရေး၊လူမှုရေး၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းတွင်ပါဝင်မှုများမှာ အမျိုးသားများနှင့်ရင်ဘောင်တန်း၍ ဆောင်ရွက်နိုင်ကြပါသည်။

၁၁။ **ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ**

ခင်ကြီးကျေးရွာလူထုသည် မိမိနှစ်သက်ရာအမှတ်ပေးစနစ်ဖြင့် ကျေးရွာလုံးကျွတ် အစည်းအဝေးတွင် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အား ဦးစားပေးအစဉ်အလိုက်ဖော်ထုတ်ခဲ့ကြပါသည်။ ကျေးရွာလုံးကျွတ်အစည်းအဝေးဆုံးဖြတ်ချက်အရ ဦးစားပေးလုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| ဦးစားပေး အဆင့် | စီမံချက် | အဖွဲ့ (၁) | အဖွဲ့ (၂) | အဖွဲ့ (၃) | အဖွဲ့ (၄) | အဖွဲ့ (၅) | စုစုပေါင်း |
|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၅၀၀ |
| ၂ | အုတ်စီရေမြောင်းတူးဖော်ခြင်း | ၉၀ | ၉၀ | ၉၀ | ၈၀ | ၉၀ | ၄၄၀ |
| ၃ | မီးသင်္ဂြိုလ်စက်တည်ဆောက်ခြင်းနှင့်သုသာန်လမ်းပြုပြင်ခြင်း | ၇၀ | ၈၀ | ၈၀ | ၆၀ | ၈၀ | ၃၇၀ |
| ၄ | ကျေးရွာတွင်းလမ်းသွယ်များကွန်ကရစ်ခင်းခြင်း | ၈၀ | ၇၀ | ၇၀ | ၇၀ | ၇၀ | ၃၆၀ |
| ၅ | ကျေးရွာသူ/သားများအတွက် အားကစားကွင်းတည်ဆောက်ခြင်း | ၆၀ | ၆၀ | ၆၀ | ၅၀ | ၆၀ | ၂၉၀ |

# ခင်ကြီးကျေးရွာဖွံ့ဖြိုးရေးဗျူဟာဇယား(DC)

| ပြဿနာ | ပြဿနာဖြစ်ရသည့် အကြောင်းအရင်း | အခွင့်အလမ်း | အဟန့်အတား | ဖြေရှင်းနည်းလမ်း | ဆောင်ရွက်မည့်ဖွံ့ဖြိုးရေး လုပ်ငန်း |
|---|---|---|---|---|---|
| မျိုးကောင်း မျိုးသန့်မရရှိ ခြင်း | လိုအပ်သည့်သီးနှံ၊လို လောက်သည့်မျိုးပမာဏ မရရှိခြင်း၊စျေးနှုန်းမြင့် မားခြင်း | မျိုးကောင်းမျိုးသန့် ရရှိ နိုင်သည့်နေရာများနှင့် ချိတ်ဆက် နိုင်ခြင်း | အသိပညာအားနည်း ခြင်း၊လယ်သမားအချင်း ချင်းဖွဲ့စည်းဆောင်ရွက်နိုင် သည့်အဖွဲ့အစည်းမရှိခြင်း | လယ်သမားအများစုဖွဲ့စည်း၍ ဒေသနှင့်ကိုက် ညီသည့် မျိုးကောင်းမျိုးသန့် ရွေး ချယ်ဝယ်ယူနိုင်ရန်သင်တန်း များ ရယူခြင်း | မျိုးကောင်းမျိုးသန့်ဝယ် ယူသုံးစွဲနိုင်ရေး |
| ကျေးရွာတွင်းလမ်း ပျက်စီးနေခြင်း | မြေသားလမ်းဖြစ်နေခြင်း၊ တန်ပိုယာဉ်ဖြတ်သန်းမှု ကြောင့်ပိုမိုပျက်စီးလာ ခြင်း | ကျေးရွာလူထုလုပ်အား နှင့်ပြည်သူ့ထည့်ဝင်ငွေ ပါ ဝင်နိုင်ခြင်း | ငွေကြေးခက်ခဲခြင်း၊ချိတ် ဆက်မှုအားနည်းခြင်း၊ | ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက် ခြင်း | ကျေးရွာတွင်းလမ်းကွန် ကရစ်ခင်းခြင်း |
| မီးသဂြိုလ်စက်မရှိ ခြင်း | မြှုပ်နှံရန်အခက်အခဲရှိနေ ခြင်း၊ လမ်းပျက်စီးနေ ခြင်း | ကျေးရွာလူထုလုပ်အား နှင့်ပြည်သူ့ထည့်ဝင်ငွေ ပါဝင်နိုင်ခြင်း | ငွေကြေးခက်ခဲခြင်း၊ချိတ် ဆက်မှုအားနည်းခြင်း၊ | ဌာနဆိုင်ရာများနှင့် ချိတ်ဆက်ဆောင်ရွက် ခြင်း | မီးသဂြိုလ်စက်တည် ဆောက်ခြင်းနှင့်လမ်းပြု ပြင်တည်ဆောက်ခြင်း |
| အားကစားကွင်းမရှိ ခြင်း | လူငယ်များအတွက် အပန်းဖြေနေရာမရှိခြင်း | ကျေးရွာလူထုလုပ်အား နှင့်ပြည်သူ့ထည့်ဝင်ငွေ ပါဝင်နိုင်ခြင်း | ငွေကြေးခက်ခဲခြင်း၊ချိတ် ဆက်မှုအားနည်းခြင်း၊ | ဌာနဆိုင်ရာများနှင့် ချိတ်ဆက်ဆောင်ရွက် ခြင်း | အားကစားကွင်းတည် ဆောက်ခြင်း |
| ရေမြောင်းပိတ်ဆို့မှု ဖြစ်ပေါ်ခြင်း | ရေမြောင်းမရှိခြင်း၊စွန့်ပစ် အမှိုက်စီမံခန့်ခွဲမှုစနစ် အားနည်းခြင်း၊စနစ်တ ကျစွန့်ပစ်မှုမရှိခြင်း | ကျေးရွာလူထုလုပ်အားနှင့်ပြည် သူ့ထည့်ဝင်ငွေ ပါဝင်နိုင်ခြင်း | ငွေကြေးခက်ခဲခြင်း၊ချိတ် ဆက်မှုအားနည်းခြင်း၊ | ဌာနဆိုင်ရာများနှင့် ချိတ်ဆက်ဆောင်ရွက် ခြင်း | အုတ်စီရေမြောင်းတည် ဆောက်ခြင်း |

ကျောက်တံခါးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ခင်ကြီးရှမ်းစုကျေးရွာအုပ်စု၊ခင်ကြီးကျေးရွာ ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်များစာရင်း

ရက်စွဲ- ၂၀၂၁ခုနှစ်၊နိုဝင်ဘာလ ( ၁၁)ရက်

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ဦးဝင်းမောင် | ဦးစိန်ထွန်း | ၇/ကတခ(နိုင်)၀၅၅၈၀၉ | ၆၀ | ဥက္ကဌ | ၀၉-၂၅၃၅၆၉၃၆၆ | ငွေသွင်း/ငွေထုတ် |
| ၂ | ဦးကျော်ဇော | ဦးတင်ပု | ၇/ကတခ(နိုင်)၀၂၄၁၅၁ | ၅၃ | အတွင်းရေးမှူး | ၀၉-၄၂၈၂၀၆၆၄၁ | ။ |
| ၃ | ဦးကျော်သိန်း | ဦးကုလား | ၇/ကတခ(နိုင်)၀၅၅၉၉၃ | ၆၂ | အဖွဲ့ဝင် | ၀၉-၇၉၃၃၈၂၂၉၄ | |
| ၄ | ဦးညဏ်ဝင်း | ဦးစံသိန်း | ၇/ကတခ(နိုင်)၀၅၅၆၁၄ | ၆၂ | အဖွဲ့ဝင် | - | |
| ၅ | ဦးစိုးဦး | ဦးတင်ဝင်း | ၇/ကတခ(နိုင်)၀၅၆၀၂၉ | ၅၂ | အဖွဲ့ဝင် | ၀၉-၇၈၅၂၃၆၆၈၂ | |
| ၆ | ဦးရဲမင်းဦး | ဦးခင်ပိုင် | ၇/ကတခ(နိုင်)၁၁၆၀၅၉ | ၃၉ | အဖွဲ့ဝင် | ၀၉-၄၂၈၂၀၆၅၂၂ | |
| ၇ | ဦးဝင်းအောင် | ဦးပိန် | ၇/ကတခ(နိုင်)၀၅၅၂၃၇ | ၅၆ | အဖွဲ့ဝင် | ၀၉-၄၂၈၁၂၄၀၄၁ | |
| ၈ | ဦးမြင့်နိုင် | ဦးမောင်လှိုင် | ၇/ကတခ(နိုင်)၀၅၅၄၂၉ | ၅၂ | အဖွဲ့ဝင် | ၀၉-၄၂၀၁၁၅၈၆၇ | သင်တန်း |
| ၉ | ဦးအောင်နိုင်ဦး | ဦးစိန်မောင် | ၇/ကတခ(နိုင်)၀၀၁၀၇၉ | ၅၀ | အဖွဲ့ဝင် | - | ။ |
| ၁၀ | ဒေါ်အေးအေးမြင့် | ဦးထွေး | ၇/ကတခ(နိုင်)၀၅၅၄၅၂ | ၅၇ | အဖွဲ့ဝင် | ၀၉-၇၉၄၁၄၉၃၀၄ | |
| ၁၁ | ဒေါ်မြင့်မြင့်ဝင်း | ဦးမောင်လှိုင် | ၇/ကတခ(နိုင်)၀၈၇၄၆၀ | ၄၈ | အဖွဲ့ဝင် | ၀၉-၂၅၃၉၅၅၄၇၇ | |

ကျောက်တံခါးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ခင်ကြီးရှမ်းစုကျေးရွာအုပ်စု၊ခင်ကြီးကျေးရွာ ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးဝယ်ယူရေးဆပ်ကော်မတီဝင်များစာရင်း

ရက်စွဲ- ၂၀၂၁ခုနှစ်၊နိုဝင်ဘာလ ( ၁၁)ရက်

| စဥ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ဦးဝင်းအောင် | ဦးပိန် | ၇/ကတခ(နိုင်)၀၅၅၂၃၇ | ၅၆ | ဥက္ကဌ | ၀၉-၄၂၈၁၂၄၀၄၁ | ငွေသွင်း/ငွေထုတ် |
| ၂ | ဒေါ်မြင့်မြင့်ဝင်း | ဦးမောင်လှိုင် | ၇/ကတခ(နိုင်)၀၈၇၄၆၀ | ၄၈ | ဘဏ္ဍာရေးမှူး | ၀၉-၂၅၃၉၅၅၄၇၇ | |
| ၃ | ဦးစိုးဦး | ဦးတင်ဝင်း | ၇/ကတခ(နိုင်)၀၅၆၀၂၉ | ၅၂ | စာရင်းကိုင် | ၀၉-၇၈၅၂၃၆၆၈၂ | |

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ**

**(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁၀ | ၁၀ | ၂၀ | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၄၅ | ၄၀ | ၈၅ | | ၁ |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၄၉ | ၅၂ | ၁၀၁ | | ၁ |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၈၁ | ၇၂ | ၁၅၃ | | ၁ |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၅၆၄ | ၆၃၄ | ၁၁၉၈ | ၂ | ၂ |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၄၈ | ၇၈ | ၁၂၆ | | |
| စုစုပေါင်း | | ၇၉၇ | ၈၈၆ | ၁၆၈၃ | ၂ | ၅ |
| စုစုပေါင်း အိမ်ထောင်စု | | ၃၃၁ | | | | |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ် ဆိုသည်မှာ အသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ် ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။**

**လေ့လာတွေ့ရှိချက်။** ။ခင်ကြီးကျေးရွာ၏ လေ့လာတွေ့ရှိချက်များအရ အိမ်ထောင်စု(၃၃၁)စုရှိပြီး လူဦးရေမှာ (၁၆၈၃)ဦးရှိပါသည်။အလုပ်လုပ်နိုင်သောလူဦးရေ(၁၁၉၈)ရှိပြီး ကျန်လူဦးရေများမှာ မှီခိုသူများဖြစ်ကြပါသည်။ကျေးရွာတွင် မသန်စွမ်းသူလူဦးရေကျား(၂)ဦးနှင့် မ(၅)ဦးရှိပါသည်။ ကျေးရွာတွင် အိမ်ထောင်စုတစ်စုလျှင် ပျမ်းမျှ(၅)ဦးနှုန်း နေထိုင်လျှက်ရှိပါသည်။ကျေးရွာသည် ဗမာလူမျိုးများနေထိုင်ကြပြီး ဗုဒ္ဓဘာသာကိုးကွယ်သောကျေးရွာ ဖြစ်ပါသည်။

**(ခ) အလုပ်လုပ်နိုင်သူအင်အား**

**(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင် လုပ်အား | **အမျိုးသမီး ဦးဆောင်သည့်အိမ်ထောင်စု** | **ဦးရေ** | | | |
| | | | | | **ကျား** | **မ** | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၁၃ | ၁၈၅ | ၂၆ | ၁၁၃ | ၇၂ | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ် သမား / ဝန်ထမ်း | ၁၄ | ၁၄ | ၁ | ၁၄ | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ် သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ် သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ် သမား / | | | | | | | မြင့် ☐ လတ်☐ နိမ့် |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခုကိုသာရွေး ရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင် လုပ်အား | အမျိုးသမီး ဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ ကျား | ဦးရေ မ | | |
| | ဝန်ထမ်း | | | | | | | ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁၁ | ၁၃ | ၁ | ၁၃ | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | | ၁ | | ၃ | မြင့် ☐ လတ်☐ နိမ့် ☑ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခုကိုသာရွေး ရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင် လုပ်အား | အမျိုးသမီး ဦးဆောင် သည့်အိမ် ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | ၆ | ၁ | ၆ | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ် သမား / ဝန်ထမ်း | ၇ | ၇ | | ၇ | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၂ | ၂ | ၁ | ၁ | ၉ | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ် သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂၅ | ၄၂ | ၆ | ၁၇ | ၂၅ | ၂၉ | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ် သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ် သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | | | | |
| | ကိုယ်ပိုင် | ၅ | ၆ | ၁ | ၆ | | | မြင့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင် လုပ်အား | အမျိုးသမီး ဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | လုပ်ငန်း | | | | | | | လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | ၇ | ၇ | | ၇ | | ၇ | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁၉ | ၂၀ | ၆ | ၁၃ | ၇ | | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | ၇ | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၁၇ | ပညာရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင်လုပ်အား | အမျိုးသမီး ဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | | | | | | | | ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | ၃၀ | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၁၈ | **ကျန်းမာရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၅ | ၅ | ၁ | | ၅ | | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၁၁၂ | ၂၂၄ | ၂၈ | ၁၃၆ | ၈၈ | ၁၁၂ | |
| ၂၁ | ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ | | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ် ပြီးမှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင်လုပ်အား | အမျိုးသမီး ဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐<br>လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၅ | ၅ | ၁ | ၅ | | ၁၃ | မြင့် ☐<br>လတ်☐<br>နိမ့်☑ |
| | **စုစုပေါင်း** | ၃၃၁ | ၅၃၇ | ၇၄ | ၃၃၉ | ၁၉၈ | | ☒ |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။။“အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ”**အရေအတွက်တွင်**“မိသားစုဝင်လုပ်အား”ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **“ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)”** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ –“**စိုက်ပျိုးရေး**” ကဏ္ဍ၏ **“ကိုယ်ပိုင်လုပ်ငန်း”**တွင်ရပ်တည်နိုင်မှု “**မြင့်**” ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလို ပါသည်။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် အဓိကအသက်မွေးဝမ်းကျောင်းအနေဖြင့် လယ်ယာလုပ်ငန်းဖြင့်လုပ်ကိုင်ဆောင်ရွက်သူအိမ်ထောင်စု(၁၂၇)ဦးနှင့် အခြားလုပ်ငန်းလုပ်ကိုင် ဆောင်ရွက်သူ(၂၀၄)ဦးရှိပါသည်။ လုပ်အားပါဝင်သူ (၅၃၇)ဦးရှိကြပါသည်။ကျေးရွာတွင် အငြိမ်းစားဝန်ထမ်းနှင့် ပညာရေးဝန်ထမ်းများလည်းတွေ့ရှိရပါသည်။အချို့ အိမ် ထောင်စုများမှာ ဈေးရောင်း၊ဆံပင်ညှပ်ဆိုင်၊ ကားမောင်း၊ဆန်စက်၊ဆောက်လုပ်ရေးလုပ်ငန်းနှင့် ကျပန်းလုပ်ငန်းများ တွင် အများဆုံးဝင်ရောက်လုပ်ကိုင် ဆောင်ရွက်ကြပါသည်။

**(ခ–၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၆၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၄၀၀၀ |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | | | | |
